**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.com Email: cnf.headquarters@gmail.com

# ထုတ်ပြန်ချက်

**၂၀၂၅ ခုနှစ်၊ ဧပြီလ (၇) ရက်**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မြန်မာပြည်သူတရပ်လုံးသည် ဆိုးရွားလှသော လူသားချင်းစာနာထောက်ထားမှု လိုအပ်သောအခြေအနေသို့ ရောက်ရှိသွားသည်။ ဤဖြစ်ရပ်ကြောင့် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ချင်းအမျိုးသားတပ်ဦး/တပ်မတော် (CNF/A) အနေဖြင့် မတ်လ (၂၈) ရက်နေ့နောက်ပိုင်း မိမိကိုယ်ကို ခုခံကာကွယ်မှုမှအပ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တစ်ဖက်သတ် ဆိုင်းငံ့ထားခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်သူများထံသို့ အမှန်တကယ် ရောက်ရှိနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။

၂။ အကြမ်းဖက် စစ်ကောင်စီ၏ လက်ပါးစေ Zomi Revolutionary Army (ZRA) သည် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် တွန်းဇန်မြို့နယ်ရှိ ချင်းပြည်ကောင်စီ ပူးပေါင်းတပ်ကို အလစ်အငိုက် တိုက်ခိုက်ခဲ့သည်။ ချင်းပြည်ကောင်စီ ပူးပေါင်းတပ်မှ ခုခံတိုက်ခိုက်မှုကြောင့် အကြမ်းဖက် ZRA တပ်များသည် ပြန်လည်ဆုတ်ခွါခဲ့ပြီး ၎င်းတို့အပြန်လမ်းတွင် နန်ဇံ (Nakzang) ကျေးရွာရှိ အပြစ်မဲ့ပြည်သူနေအိမ် အိမ်ခြေ (၈၀) ကျော်ကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သည်။ နေအိမ်မီးရှို့ဖြတ်ဆီးခံရသော Nakzang ရွာသားများသည် ချင်းပြည်အစိုးရ စိုးမိုးထားသော လွတ်မြောက်နယ်မြေ တစ်နေရာတွင် ခိုလှုံလျက်ရှိပြီး အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိသည်။

၃။ မြန်မာပြည်တစ်ပြည်လုံး ငလျင်ဘေးအန္တရာယ်ကြောင့် လူသားချင်းစာနာမှု အကူအညီပေးရေး ဆိုင်ရာ အရေးပေါ်အခြေအနေရောက်ရှိနေသည့် အချိန်တွင် တစ်ဖက်သက် အပစ်ခတ်ရပ်ဆိုင်းထားမှုကို အခွင့်ကောင်းယူပြီး ချင်းပြည်ကောင်စီပူးပေါင်းတပ်နှင့် အပြစ်မဲ့အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် (လုံး၀) လက်ခံ/သည်းခံနိုင်စရာမရှိသည့်အတွက် လိုအပ်သလို ပြန်လည်တုန့်ပြန်သွားမည်ဖြစ်သည်။

၄။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် ZRA သည် အကြမ်းဖက် မင်းအောင်လှိုင်ဦးဆောင်သည့် စစ်ကောင်စီတပ်ဖွဲ့များနှင့် ပူးပေါင်းလျက်ရှိပြီး ချင်းအမျိုးသားတပ်ဦးနှင့် ဒေသကာကွယ်ရေး တပ်ဖွဲ့တို့၏ စစ်ဆင်ရေးများကို နည်းမျိုးစုံဖြင့် နှောက်ယှက်ဟန့်တားရန် အကြိမ်ကြိမ်ကြိုးပမ်းလာခဲ့သည်။ ၎င်းတို့ ရပ်တည်ရေးအတွက် ၂၀၁၀ ခုနှစ်ခန့်ကစပြီး ချင်းပြည်မြောက်ပိုင်းရှိ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်များတွင် ဒေသခံပြည်သူများကို ဧကပေါင်းများစွာ (စစ်ကောင်စီက သတ်မှတ် ထားသည့် သစ်တောကြိုးဝိုင်းအပါအဝင်) ဘိန်းစိုက်ပျိုးစေပြီး ဘိန်းထုတ်လုပ်ရေးနှင့် ဘိန်းရောင်းဝယ်ရေးကို စနစ်တကျလုပ်ကိုင်သည့်အဖွဲ့ဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုဖြင့် ရပ်တည်နိုင်ရန် ကြိုးပမ်းနေသည့် အကြမ်းဖက် ZRA သည် နွေဦးတော်လှန်ရေးမှ ပေါက်ပွားလာသည့် ချင်းပြည်မြောက်ပိုင်းရှိ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့များနှင့် အပြစ်မဲ့ပြည်သူများအပေါ် မကြာခဏဆိုသလို အကြမ်းဖက် လုပ်ရပ်များ ကျူးလွန်လျက်ရှိသည်။

၅။ ZRA အနေဖြင့် Nakzang ရွာသားများအပေါ် လူသားမဆန်စွာ ကျူးလွန်ခဲ့သည့် အကြမ်းဖက် လုပ်ရပ်ကို ဖုံးကွယ်နိုင်ရန်အတွက် Zomi Political Coordination Committee (ZPCC) အမည်ခံဖြင့် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်ကောင်စီအဖွဲ့ဝင်များအပေါ် ရှေ့နောက်မညီသည့် မဟုတ်မမှန်စွပ်စွဲမှုများကို ၂၀၂၅ ခုနှစ်၊ ဧပြီလ (၅)ရက်နေ့တွင် ထုတ်ပြန်ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်ပါ အချက်အလက်များသည် လုပ်ကြံဖမ်တီးမှု သက်သက်သာဖြစ်ပြီး ပြည်သူလူထုမှ နားမယောင်မိစေရန်နှင့် Nakzang ရွားမီးရှို့ဖျက်စီးမှု အပေါ် ZRA က တာဝန်ခံစေရမည် ဖြစ်ကြောင်းအသိပေး ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ချင်းအမျိုးသားတပ်ဦး